ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan(VDP)

ကြံခင်းမြို့နယ်

၂၀၁၈ - ခုနှစ်

ကိုးအင်းအုပ်စု၊ ကညင်တောကျေးရွာ

**မာတိကာ**


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်
(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ
အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ


၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရုပ်ချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော
ကြိုးဝိုင်း
ရွှေသမင်သစ်တော
ကြိုးဝိုင်း
ဧရာဝတီ မြစ်
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် ကိုးအင်းကျေးရွာအုပ်စုပြမြေပုံ




ကိုးအင်းကျေးရွာအုပ်စုပြမြေပုံ

## ၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း (ကိုးအင်းကျေးရွာအုပ်စု)

၁. ကိုးအင်းကျေးရွာ

၂. တာကြီးတန်းကျေးရွာ

၃. မကျီးစုကျေးရွာ

၄. **ကညင်တောကျေးရွာ**

၅. လက်ပံတိုက်ကျေးရွာ

၆. လူပျိုတော် အထက်စုကျေးရွာ

၇. လူပျိုတော် အောက်စု

၈. ညောင်ပင်

၉. သစ်ဆိမ့်ပင်

ကိုးအင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄.ကညင်တောကျေးရွာ၏ အခြေခံအချက်အလက်များ

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ကိုးအင်းအုပ်စု ၊ ကညင်တော ကျေးရွာသည် အိမ်ခြေ ( ၇၈ ) အိမ်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

အရှေ့ဘက်တွင် ရေနံတောင် လမ်းမကြီး တည်ရှိပြီး အနောက်ဘက်၊ တောင်ဘက် နှင့် မြောက်ဘက်များတွင် လယ်ယာမြေများ ရှိပါသည်။

ကျေးရွာတွင် နေထိုင်ကြသူများမှာ လယ်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသူများဖြစ်ပြီး ရာသီအလိုက် စပါး ၊ ပဲ ၊ နှမ်း စသည့် လယ်ယာထွက်ကုန်များကို စိုက်ပျိုးခြင်း ရောင်းချခြင်းဖြင့် လုပ်ကိုင်စားသောက်ကြပါသည်။

မူလတန်းပြ ၊ အလယ်တန်းပြ ၊ အထက်တန်းပြ ဆရာ/ ဆရာမများ နေထိုင်ကြပြီး လက်သမား ပန်းရံ လျှပ်စစ်ပညာရှင် ပိုက်ဆက်ပညာရှင် များလည်း နေထိုင်ကြပါသည်။

ကျန်းမာရေး၊ပညာရေးအနေဖြင့်ကိုးအင်းကျေးရွာသို့လည်းကောင်း ဘက်ရဲမြို့ ပေါ်သို့ လည်းကောင်း သွားရောက်၍ အဆင်ပြေသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်အနေဖြင့် ၂၀၀၆ ခုနှစ်တွင် မာလာမုန်တိုင်းကျရောက်ခဲ့ပြီး ၁ နှစ်ခြား တစ်ခါ ချောင်းရေလျှံမှုကြောင့် ရွာလမ်းများ ရေမြုပ်ခြင်းခံရသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

ကျေးရွာလမ်းများမှာ မြေသားလမ်း အမျိုးအစားဖြစ်ပြီး မြစိမ်းရောင်စီမံကိန်း ကိုလည်း အကောင်းအထည်ဖော်ဆောင်ရွက်နေပါသည်။

ကျေးရွာတွင် ဘုရား စေတီနှင့် ဘုန်းတော်ကြီးကျောင်းလည်း တည်းရှိ ကိုးကွယ်ထားပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၁၉-၉-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၂၄ | ၄၄ | ၆၈ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၁၉-၉-၂၀၁၇ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၂၄ | ၄၄ | ၆၈ | -ရာသီဉတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၁၉-၉-၂၀၁၇ | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | ၂၄ | ၄၄ | ၆၈ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၁၉-၉-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၂၄ | ၄၄ | ၆၈ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၁၉-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၂၄ | ၄၄ | ၆၈ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၁၉-၉-၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၂၄ | ၄၄ | ၆၈ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ (Problem) | ၁၉-၉-၂၀၁၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၂၄ | ၄၄ | ၆၈ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၁၉-၉-၂၀၁၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၂၄ | ၄၄ | ၆၈ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေကိုမျှော်မှန်းထားသလဲ<br>-<br>ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ကျေးရွာ ဦးစားပေး လုပ်ငန်း | ၁၉-၉-၂၀၁၇ | ကော်မတီဂင်များ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | ၂၄ | ၄၄ | ၆၈ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်




လူမှုအရင်းအမြစ်ပြမြေပုံ

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)**


- ဒေသတွင်း သဘာဝအရင်းအမြစ်များမှာ လယ်ယာ ကိုင်းကျွန်းများဖြစ်ပြီး ရာသီအလိုက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက် ကြပါသည်။ ရွာတွင်းလမ်းများမှာ မြေသားလမ်းအမျိုးအစားဖြစ်ပြီး မိုးကာလတွင် ရွာတွင်းလမ်းများ ပျက်စီး ရေလျှံကြကြောင်း သိရပါသည်။
- လူမှုအဆောက်အဦး နှင့် လူနေမှုသဘာဝမှာ လူနေမှုအိမ်ခြေ (၇၈) လုံးရှိပြီး၊ အိမ်တိုင်းစေ့နီးပါး ရေတုံကင်များရှိကြ၍၊ သောက်သုံးရေ လုံလောက်သော ကျေးရွာလေး တစ်ရွာ ဖြစ်ပါသည်။
- ကျေးရွာတွင် မူလတန်းပြ ၊ အလယ်တန်းပြ ၊ အထက်တန်းပြ ဆရာ/ဆရာမများ နေထိုင်ကြပြီး ပညာတတ်ဦးရေ များပြားသော ကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။
- လက်မှုပညာရှင်အနေဖြင့် လက်သမား၊ ပန်းရံ၊ လျှပ်စစ်လုပ်သား၊ ပိုက်ဆက် ပညာရှင်များ နေထိုင်ကြပါသည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဘက်ရဲမြို့ နှင့် မနီးမဝေးတွင် ရှိပြီး၊ အုပ်စုကျေးရွာ နှင့် ရွာချင်းဆက်ဖြစ်၍ မူလတန်း နှင့် အလယ်တန်းအဆင့် ပညာရေးကို ကိုးအင်းအုပ်စု ကျေးရွာတွင် လည်းကောင်း၊ အထက်တန်းအဆင့် ပညာရေး နှင့် ကျန်းမာရေးအတွက် ဘက်ရဲမြို့ပေါ်သို့ လည်းကောင်း၊ အဆင်ပြေ လွယ်ကူချောမွေ့စွာ ရှိကြပါသည်။
- သဘာဝဘေးအန္တရာယ် အနေဖြင့် ၂၀၀၆ ခုနှစ်တွင်၊ မာလာမုန်တိုင် ကျရောက်ခဲ့ပြီး၊ နှစ်စဉ်နီးပါး ရေကြီး၊ ရေလျှံခြင်းများ ကြုံတွေ့ရသော ကျေးရွာလေးဖြစ်ပါသည်။

**ဖွံ့ဖြိုးရေးလိုအပ်ချက်**

- ကျေးရွာတွင်း အားပြည့်သော လျှပ်စစ်မီး ရရှိပြီး၊ မီးကြိုးများ လုံခြုံစိတ်ချရမှုရှိရေး
- ကျေးရွာတွင်းလမ်းများ ကောင်းမွန်ရေး
- ကျေးရွာဆေးပေးခန်း
- ကျေးရွာတွင်းစာကြည့်တိုက်
- မူကြိုကျောင်းပညာရေးနှင့် မူလတန်းကြိုကျောင်း
- ကစားကွင်း
- ဝင်ငွေတိုးလုပ်ငန်းများ
    - ကြက်၊ ဝက် မွေးမြူရေး နှင့် မွေးမြူရေးဆိုင်ရာ သင်တန်းများ
    - စိုက်ပျိုးရေးအတွက် ချေးငွေ
    - အသက်မွေးဝမ်းကြောင်းအတွက်လက်မှုပညာဆိုင်ရာသင်တန်းများ

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

<u>(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်</u>




ရာသီခွင်ပြ ပြက္ခဒိန်


**ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ရာသီဥတု နှင့် အလုပ်အကိုင် မှာ ကညင်တောကျေးရွာ၏ ရာသီဥတု အခြေအနေမှာ အခြားဒေသတွင်း ကျေးရွာများ နှင့် များစွာကွဲပြားမှုမရှိပဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်လ များ တွင် ရာသီဥတုပူပြင်း၍၊ အလုပ်အကိုင်အနေဖြင့် မတ်ပဲရိတ်ခြင်း၊ အိမ်သုံးထင်း တိုက်ခြင်း၊ လယ်ယာမြေ ထွန်ယက်ပြုပြင်ခြင်း နှင့် လယ်ထွန်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။
- ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် လများတွင်၊ မိုးများများရွာသွန်းပြီး၊ မိုးကာလရာသီချိန်ဖြစ်သည့် အားလျော်စွာ၊ လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း၊ မြက်ကောက်ပေါင်းသင်ခြင်း နှင့်ကောက်ရိတ်ခြင်း များ လုပ်ကိုင်ဆောင်ရွက်ကြသည်။
- တန်ဆောင်မုန်း၊ ပြာသို၊ တပို့တွဲ လများတွင်၊ မတ်ပဲ၊ မြေပဲ စိုက်ခြင်း၊ စပါးခြွေလှေ့ခြင်း နှင့် မတ်ပဲ ရိတ်ခြင်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။
- ကျန်းမာရေး နှင့် ဝင်ငွေ မှာ၊ ကျန်းမာရေးအနေဖြင့် မိုးဦးစဖြစ်သော နယုန် နှင့် ရာသီကူးပြောင်းချိန် သီတင်းကျွတ်လများတွင် နာစေး၊ ချောင်းဆိုးခြင်း၊ ဖျားနာခြင်း စသည့်ကျန်းမာရေး အညံ့များ ကြုံတွေ့ရပြီး၊ ကျန်သောလရာသီများတွင် ပျမ်းမျှအားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပါသည်။
- ဝင်ငွေအနေဖြင့် တန်ခူး၊ ကဆုန်၊ နယုန် များတွင် ဝင်ငွေရသော အလုပ်အကိုင်များမရှိတတ်ပဲ၊ ကျန်သောလရာသီများတွင် အမျိုးသား၊ အမျိုးသမီးများ၏ ပျမ်းမျှဝင်ငွေမှာ၊ တစ်နေ့လျှင် ကျပ်(၄၀၀၀) ကျပ် ရရှိပြီး၊ နေ့ဝက်လျှင် ကျပ်(၁၅၀၀-၂၀၀၀) ဝန်းကျင်ခန့်ရရှိကြပါသည်။
- လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်းကို ဝါခေါင်လတွင်လည်းကောင်း၊ ကောက်ရိတ်ခြင်း၊ မတ်ပဲကြဲ
ခြင်းကို တန်ဆောင်မုန်းလတွင်လည်းကောင်း၊ စပါးခြွေခြင်း၊ မတ်ပဲနုတ်ခြင်းကို နတ်တော် နှင့် တပေါင်းလတို့တွင်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြပြီး၊ ၎င်းလများသည် ဝင်ငွေကောင်းသော လများ ဖြစ်ပြီးအမျိုး သား၊ အမျိုးသမီး တစ်နေ့လျှင်(၄၀၀၀) ကျပ်နှုန်း ပျမ်းမျှရရှိကြပါသည်။
- အစားအစာဖူလုံမှု နှင့် ပွဲတော် မှာ တန်ခူး၊ ကဆုန်၊ နယုန် လများတွင် စပါးများရိတ်သိမ်းပြီး၊ စပါးပုတ်များတွင် ဝမ်းစာသိုလှောင်ထားကြပြီး၊ ဝမ်းစာအပြည့် ရှိသောကာလများ ဖြစ်ပါသည်။ ကျန်သောလရာသီများမှာ အစားအစာဖူလုံမှု အသင့်အတင့်ရှိသော ကာလများ ဖြစ်ပါသည်။
- ပွဲတော်ကျင်းပမှုမှာ မြန်မာနိုင်ငံ၏ အခြားသောနေရာဒေသများ နှင့်နည်းတူ၊ သင်္ကြန်ပွဲ၊ ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲတော်၊ ကထိန်ပွဲ၊ ထမနဲပွဲ၊ ရှင်ပြုပွဲ များကို ရာသီအလိုက်ကျင်းပကြပြီး၊ဝါတွင်းကာလများတွင်ဥပုဒ်သီတင်းဆောက်တည်ခြင်းများ ပြုလုပ်ကြပါသည်။

- သဘာဝဘေးအန္တရာယ် နှင့် လမ်းပန်းဆက်သွယ်ရေးမှာ ဝါဆို၊ ဝါခေါင် နှင့် တော်သလင်းလများ တွင် ချောင်းရေလျှံမှုများ နှစ်စဉ်ကြုံတွေ့ရင်ဆိုင်ရသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ လမ်းပန်းဆက် သွယ်ရေးအနေဖြင့် အဆိုပါကာလများတွင် လမ်းရေကျော်ခြင်းများ ရှိပြီး၊ အခြားကာလများတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ ရွှေ့ပြောင်းလုပ်သားများမရှိပါ။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ချင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

<u>(၈) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>




<u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း</u>

## ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း တွင်၊ ကျေးရွာအနေဖြင့် (က၊ ခ၊ ဂ) ဟူ၍၊ အဆင့်( ၃ ) ဆင့်ခွဲ ၍ သတ်မှတ်ရေးဆွဲခဲ့သည်။
- (က) အဆင့်၊ ကျေးရွာ၏ အဆင်ပြေဆုံးသော ချမ်းသာသူများအုပ်စုတွင်၊ အိမ်ထောင်စုအရေ အတွက် (၁၅) အိမ်ထောင်စုရှိပြီး၊ သွပ်မိုးပျဉ်ထောင်အိမ်၊ လယ်ထွန်စက်၊ ခြွေလှေ့စက်၊ ဆိုင်ကယ်၊ ကား၊ လယ်မြေ (၁ဂ) ဧက နှင့် အထက်၊ နွားတစ်ရှဉ်းနှင့်အထက်၊ မီစက်၊ ဝမ်းစာ (၄) နှစ်စာဖူလုံမှု စသည်ဖြင့် ပိုင်ဆိုင်ကြပြီး၊ ရာခိုင်နှုန်းအားဖြင့် (၃၁) ရာခိုင်နှုန်းရှိပါသည်။
- (ခ) အဆင့်၊ ကျေးရွာ၏ အသင့်အတင့် နေနိုင်သူများအုပ်စုတွင်၊ အိမ်ထောင်စုအရေ အတွက် (၄ဂ) အိမ်ထောင်စုရှိပြီး၊ ပိုင်ဆိုင်မှုမှာ သွပ်မိုးပျဉ်ထောင်အိမ်၊ လယ်မြေ (၅) ဧကနှင့်အထက်၊ ဝမ်းစာဖူလုံမှု (၁) နှစ်နှင့် ရာခိုင်နှုန်းအားဖြင့် (၅၁) ရာခိုင်နှုန်း ရှိပါသည်။
- (ဂ)အဆင့်သည်၊ ကျေးရွာ၏ မပြေလည်သော၊ အနွမ်းပါးဆုံးသောအုပ်စုဖြစ်ပြီး၊ သက်ကယ်မိုး၊ ထရံကာ၊ စက်ဘီး၊ မွေးမြူရေး ဝက် (၁) ကောင် နှင့် ကြက်များ ပိုင်ဆိုင်ကြပြီး၊ အိမ်ထောင်စုအရေအတွက် (၂၃) အိမ်၊ ရာခိုင်နှုန်းအားဖြင့် (၃၈) ရာခိုင်နှုန်းရှိပါသည်။
- အထက်ပါ အဆင့်သတ်မှတ်ချက်များကို ကြည့်ခြင်းအားဖြင့်၊ (ဂ) အဆင့်ဖြစ်သော ကျေးရွာ၏ အနွမ်းပါးဆုံးသော အုပ်စုသည်ပင် အရမ်းနွမ်းပါးသော အဆင့်မဟုတ်ပဲ၊ အတော်အသင့် အဆင်ပြေသော အခြေအနေကို တွေ့ရပါသည်။ ရာခိုင်နှုန်းအားဖြင့် (ဂ) အဆင့်၊ အသင့်အတင့် နေနိုင်သူများအုပ်စုမှ ပိုများနေသည်ကို တွေ့ရပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာအတွင်းရှိသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာမီးသတ်အဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့၊ အမျိုးသမီးရေးရာ၊ ဂေါပကအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ မြစိမ်းရောင်စီမံကိန်းအဖွဲ့နှင့် လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့ ဖြစ်ပါသည်။
- ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊အုပ်စုမီးသတ်အဖွဲ့၊ မြို့နယ်မီးသတ်အဖွဲ့ နှင့် မြို့နယ်လူထုဗဟိုပြု စီမံကိန်းအဖွဲ့တို့ဖြစ်ကြပါသည်။
- ၎င်းအဖွဲ့အစည်းများသည် လိုအပ်ပါက၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြပြီး၊ ကျေးရွာ၏ လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၊ အတူတကွ ကူညီဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုးကို ပူးပေါင်းဆောင်ရွက်ကြကြောင်း တွေ့ရပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်




အရင်းအမြစ် များအပေါ်လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ဒေသတွင်း အသုံးပြုနိုင်သည့် အရင်းအမြစ်များပေါ် သိမြင်မှုတွင် ရွာသူ/ ရွာသားများအနေဖြင့် ၎င်းတို့အသုံးပြုနိုင်သည့် သဘာဝအရင်းအမြစ်များနှင့် လူမှုအရင်းအမြစ်များတွင် ကောင်းစွာသိရှိနိုင်မှု ရှိသည်ကို တွေ့ရှိရပါသည်။
- အရင်းအမြစ်များပေါ် အသုံးပြုမှုအခြေအနေတွင် အမျိုးသား/ အမျိုးသမီး အနေဖြင့် ကောင်းစွာခွဲခြားနိုင်စွမ်းမရှိပဲ၊ ရောထွေးနေပြီး အားလုံးတူညီစွာ သုံးစွဲသည်ဟု အဖြေထွက်လာပါသည်။
- အရင်းအမြစ်များပေါ်တွင် အမျိုးသား/ အမျိုးသမီး တူညီစွာသုံးစွဲကြသည်ကို သိရှိသည်မှန်သော်လည်း ဆုံးဖြတ်မှုအခြေအနေကို အမျိုးသားများကသာ ဦးဆောင်ကြောင်း တွေ့ရှိရပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

<u>(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>





<u>ပင့်ကူအိမ်ကွန်ယက်</u>

**ပင့်ကူအိမ်ကွန်ယက်(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်)**

- အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ်လူနေမှုဘဝတွင် တွေ့ကြုံနေရသည့် အချက်အလက်များ အပေါ်အခြေခံ၍၊ ကညင်တောကျေးရွာတွင်းရှိသော အမျိုးသား/အမျိုးသမီးတို့၏ အားသာချက်၊ အား နည်းချက်များကို ပင့်ကူအိမ်ကွန်ယက်ပြပုံကို အသုံးပြု၍ ရှာဖွေကြပါသည်။
- အဖွဲ့အစည်းတွင်ပါဝင်မှုအပိုင်းတွင် ကညင်တောကျေးရွာရှိ အမျိုးသားများသည် အမျိုးသမီးများထက်၊ ပါဝင်မှုပို ကောင်းပြီး၊ အမျိုးသမီးများထက် ပိုမိုဆောင်ရွက်မှုရှိသည်ကို တွေ့ရပါသည်။ အမျိုးသားများသည် (၇၀)% ၊ အမျိုးသမီးများသည် (၃၀)% ဖြင့် များစွာကွာဟမှုရှိနေသည်ကို တွေ့ရသည်။
- ယုံကြည်မှု၊ လုံခြုံမှုပိုင်းတွင် အမျိုးသားများသည် (၈၀)% ၊ အမျိုးသမီးများသည် (၄၀)% ရှိကြ ပြီး၊ ကျေးရွာအနေဖြင့် ကျေးရွာ၏လက်ရှိ အခြေအနေကို၊ လက်ခံထားကြပါသည်။
- အလုပ်အကိုင် ကိစ္စတွင် အမျိုးသားများသည် (၇၀)% ၊ အမျိုးသမီးများသည် (၄၀)% ဖြစ်သော ကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် အားသာမှုရှိနေသည်ကို တွေ့ရပါသည်။
- အိမ်တွင်းမှု တွင် အမျိုးသားများသည် (၃၀)% ၊ အမျိုးသမီးများသည် (၉၀)% ရှိပြီး၊ အမျိုးသမီး များက ထုံးတမ်းစဉ်လာအတိုင်း ပိုမိုလုပ်ဆောင်နိုင်ကြပါသည်။
- ဝင်ငွေရှာဖွေနိုင်မှု တွင် အမျိုးသားများသည် (၇၀)% နှင့် အမျိုးသမီးများသည် (၄၀)% ရှိပြီး၊ အမျိုးသားများသည် ဒေသအခြေအနေအရ၊ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။
- ပညာရေးလက်လှမ်းမီမှု နှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် အမျိုးသား (၄၀)% ၊ အမျိုး သမီး (၈၀)% ဖြင့် တန်းတူဖြစ်နေသည် ကို တွေ့ရပါသည်။ ကျေးရွာအနေဖြင့် အုပ်ချုပ်ရေး၊ အလုပ်အကိုင် နှင့် ဝင်ငွေ၊ မိမိကိုယ်မိမိ လုံခြုံစိတ်ချမှုအပိုင်း တို့တွင် အမျိုးသမီးများ၏ အားနည်း နေသေးသော အပိုင်းများကို တွေ့ရှိသိမြင်ခဲ့ရပါသည်။
- ဆုံးဖြတ်ချက်ချနိုင်မှုတွင် အမျိုးသား (၇၀) %၊ အမျိုးသမီး (၅၀) % ရှိပါသည်။
- ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုတွင် အမျိုးသားနှင့် အမျိုးသမီး (၅၀)%စီ အခွင့်အရေး တူညီနေကြောင်း တွေ့ရှိပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

<u>(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်</u>




အခက်အခဲပြဿနာများ

**အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**


မီးတိုင်များ ဆွေးမြေ့၍ ကျေးရွာလူထုမှ လုံခြုံမှုမရှိခြင်း၊ ရွာမကြီးမှ တောင်ဘက်ရပ်ကွက်သို့ သွားရာတွင် လမ်းမကောင်းခြင်း၊ လမ်းမကြီးမှ ရွာပြင်အိမ်ခြေ (၁၂) လုံးသို့သွားရန် လမ်းမကောင်းခြင်း၊ မိုးတွင်းကာလတွင် ရွာနောက်ပိုင်းလမ်းသို့ သွားလာရန် ခက်ခဲခြင်း၊ စာကြည့်တိုက် မရှိ၍ အသိပညာဗဟုသုတ အားနည်းခြင်း၊ ဆေးပေးခန်းမရှိ၍ ကျန်းမာရေးစောင့်ရှောက်မှု ခက်ခဲခြင်း၊ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း မရှိခြင်း စသည့်အခက်အခဲများကို အမျိုး သားများက အဆိုပြုကြသည်။

မီးတိုင်များမှာ သစ်သားတိုင်များဖြစ်၍ ခိုင်ခန့်မှု၊ လုံခြုံမှု မရှိခြင်း၊ လမ်းများပေါ်တွင် ရေကြီး၊ရေလျှံ၍ သွားလာရေး ခက်ခဲခြင်း၊ ရေသိုလှောင်ရန် ကန်မရှိ၍ မီးဘေးအန္တရာယ် စိုးရိမ်ရခြင်း၊ စာ ကြည့်တိုက်မရှိ၍ ဗဟုသုတ နည်းပါးခြင်း၊ ရွာတောင်ပိုင်းလမ်းမကောင်း၍ သွားလာရေးခက်ခဲခြင်း၊ ရေထွက်ပေါက်များမရှိ၍ လမ်းများ ပျက်စီးခြင်း စသည်အခက်အခဲများကို အမျိုးသမီးများက တင်ပြခဲ့ပါသည်။

အခက်အခဲများကို ဆွေးနွေးရာတွင် ကျား(၇) ဦး၊ မ(၆) ဦး တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး၊ ကျေးရွာ အတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်သိရှိခဲ့ကြပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(၉) ကျေးရွာ မျော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်



ကျေးရွာမျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**


အမျိုးသားများအနေဖြင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် ခိုင်ခန့်မှုရှိသော ကွန်ကရစ်မီးတိုင် လိုချင်ပါသည်။ မူကြိုကျောင်းလိုချင်ပါသည်။ မူလတန်းကျောင်းလိုချင်ပါသည်။ဆေးပေးခန်းလိုချင်ပါသည်။စာကြည့်တိုက် စသည်တို့ဖြစ်ပါသည်။

အမျိုးသမီးများအနေဖြင့် စိုက်ပျိုးရေးစပါး မျိုးသန့် ရချင်ပါသည်။ ခိုင်ခန့်မှုရှိသော ကွန်ကရစ်မီးတိုင်လိုချင်ပါသည်။ရွာထိပ်ဂုံးပေါက်ခိုင်ခန့်စေချင်ပါသည်။ကျန်းမာရေးအတွက် ဆေးခန်းရှိစေချင်ပါသည်။ ကလေးများ ဗဟုသုတ ကြွယ်ဝစေရန် စာကြည့်တိုက်ရှိစေချင်ပါသည်။ ရွာလမ်းကျောက်ချောလမ်းဖြစ်စေချင်ပါသည်။ တောင်သူများ မတ်ပဲအတွက် ဆေးဝါးများ လိုချင်ပါသည်။ ရွာလမ်းများကောင်းစေချင်ပါသည်။ ကလေးများအတွက် မူကြိုကျောင်းလိုချင်ပါသည် တို့ ဖြစ်ပါသည်။

ကညင်တောကျေးရွာ၏ အမျိုးသား နှင့် အမျိုးသမီး မျှော်မှန်းချက်များကို ကျား(၄) ဦး၊ မ(၈) ဦးတို့ဖြင့် ဆွေးနွေးဖော်ထုတ်ခဲ့ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(ဈ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်




ဦီစားပေးလုပ်ငန်းများ

## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

ကိုးအင်းအုပ်စု၊ကညင်တောကျေးရွာ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုပေးအဆင့်ရွေးချယ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ် ရာတွင် မဲအများဆုံးဖြစ်သော ကွန်ကရစ်မီးတိုင်လဲလှယ်ခြင်း ကိုဦးစားပေး(၁)၊ ရွာတွင်းချောင်းကျောက်လမ်းကို ဦးစားပေး(၂)၊ စာကြည့်တိုက်ကို ဦးစားပေး(၃) မူကြိုကျောင်းကို ဦးစားပေး(၄)၊ ရွာတွင်းကျောက်ချောလမ်းကို ဦးစားပေး(၅) အဖြစ်အသီးသီးရွေးချယ်ခဲ့ပါသည်။ ကညင်တောကျေးရွာသည် အုပ်စုတွင်လည်း ဦစားပေး ကွန်ကရစ်မီးတိုင် လဲလှယ်ခြင်းကို လုပ်ကိုင်ခွင့်ရရှိခဲ့ပါသည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ




လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ

၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကိုးအင်း ကျေးရွာ။ ။ ကညင်တော

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၁၉-၉-၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးအောင်ထွန်းလင်း | ၀၉၇၉၉၈၂၀၈၃၉ | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ဝင်းမိုးဝင်း | ၀၉၇၆၀၈၈၃၂၄၄ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးစိုးထက်အောင် | ၀၉၂၆၄၄၅၅၅၃၂ | |
| ၄ | | အဖွဲ့ဝင် | ဦးမိုးကျော်သူ | ၀၉၂၅၀၉၈၈၀၀၁ | |
| ၅ | | အဖွဲ့ဝင် | ဒေါ်ယုယုနိုင် | - | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ရီရီဝင်း | - | |
| ၇ | | အဖွဲ့ဝင် | ဦးရန်ပိုင်စိုး | ၀၉၂၅၄၅၀၃၅၀၆ | |
| ၈ | | အဖွဲ့ဝင် | ဒေါ်မြင့်မြင့်မော် | ၀၉၉၆၂၁၂၁၄၅၆ | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဆွေဆွေဦး | ၀၉၂၆၄၅၇၇၆၃၉ | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်လွင်လွင်ဦး | - | |
| ၁၁ | | အဖွဲ့ဝင် | ဦးရဲဇော်ဦး | - | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးဝင်းဆွေ | ၀၉၄၅၁၂၄၆၂၈၈ | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဒေါ်မာမာချို | ၀၉၂၅၈၈၇၃၃၈၇ | |
| ၁၄ | | အဖွဲ့ဝင် | ဦးစိုးလွင် | ၀၉၂၅၉၅၉၃၈၇၂ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦး | ၀၉၄၅၅၃၅၇၇၁၉ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်နန္ဒာလင်း | ၀၉၄၅၂၁၅၇၈၉၀ | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်ထက်ထက်လှိုင်

လက်ထောက်နည်းပညာမှူး - ဒေါ်အေးသဇင်နိုင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| | | | | | |
|---|---|---|---|---|---|
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် [illegible] | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် [illegible] | ကျေးရွာအုပ်စု ကျုံးပင် | | ကျေးရွာ အလယ်ပင်တော | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၇၈ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၇၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၈. | | ၁၈. |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၂၈၁ | ၁၃၂ | ၁၄၉ |
| လူမျိုးစု (၁)---ဗမာ | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး ၇၈ | ၆၅ | ၁၃ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ ☐ |
| | | | | | | | အခြား ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ ✓ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ ✓ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ ✓ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ ✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ ✓ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ ✓ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ ✓ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ ✓ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုပိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား [illegible]

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ပိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　　ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　　နှစ် ၂၀၁၄ /မသိပါ ( [illegible] )

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　　မိုင် ---၁--- /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် --- [illegible] --- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ---

မိုးရာသီတွင်ကြာချိန် --- [illegible] --- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ---

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ　　☐ ✓ ရှိပါသည်　　ရှိလျှင်ဖော်ပြပါ --- [illegible]

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) အမျိုးသမီးရေးရာအဖွဲ့ (၄) မီးသတ်အဖွဲ့

(၂) [illegible]

(၃) [illegible]

ကျေးရွာခေါင်းဆောင် အမည် [signature]

လက်မှတ် ဦးဝင်းမိုး နေ့စွဲ 13. 9. 2017

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 13. 9. 2017

# ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကိုဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဝတ်ဝတ်လှိုင် | | | |
| နေ့စွဲ ၁၉.၉.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် - ကြံခင် | ကျေးရွာအုပ်စု - လှိုင်းအင်း | ကျေးရွာ - ကဥ္စနဝါ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၉.၉.၁၇ | ၁၉.၉.၁၇ | ၂၄ | ၄၄ | ၆၈ | ၆၈ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၉.၉.၁၇ | ၁၉.၉.၁၇ | ၂၄ | ၄၄ | ၆၈ | ၆၈ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၀.၁၀.၁၇ | ၂၀.၁၀.၁၇ | ၂၂ | ၁၈ | ၄၀ | ၄၀ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၁.၁၂.၁၇ | ၂၁.၁၂.၁၇ | ၄ | ၆ | ၁၀ | ၁၀ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၃.၁၂.၁၇ | ၃.၁၂.၁၇ | ၄ | ၅ | ၉ | ၉ | ဗမာ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ဝတ်ဝတ်လှိုင် |
| နေ့စွဲ - ၁၉.၉.၂၀၁၇ / စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ / မြို့နယ် ကြံခင်း / ကျေးရွာအုပ်စု - ကျိုးဆင် / ကျေးရွာ - ကညင်တော |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မီးတိုင်များမှာ သစ်သားတိုင်များ ဖြစ်၍ မိုင်ခန့်မှု၊ လုံခြုံမှု မရှိခြင်း၊ | ၁ | မီးတိုင်များမှာ သစ်သားတိုင်များဖြစ်၍ မိုင်ခန့်မှု၊ လုံခြုံမှုမရှိခြင်း၊ |
| ၂ | ရွာမကြီးမှ ၊ဝေတော်သခင်ချောင်းသို့ သွားရာလမ်း မကောင်းခြင်း၊ | ၂ | လမ်းများ ပေါ်တွင် ရေကြီး၍ ရေလျှံ၍ သွားလာရေး ခက်ခဲခြင်း၊ |
| ၃ | လမ်းမကြီးမှ ရွာပြင်အဝိုင်းခြေ (၁၂) လုံးသို့ သွားရာလမ်း မကောင်းခြင်း၊ | ၃ | ရေသိုလှောင်ရန် ကန်မရှိ၍ မိုးခေါင် အခွင့်အရေး မရှိခြင်း၊ |
| ၄ | မိုးတွင်းကာလတွင် ရွာနောက်ပိုင်း လမ်းသွားလာရေး ခက်ခဲခြင်း၊ | ၄ | စာကြည့်တိုက်မရှိ၍ ဗဟုသုတ နည်းပါးခြင်း၊ |
| ၅ | စာကြည့်တိုက် မရှိ၍ ၊ အသိပညာ ဗဟုသုတ အားနည်းခြင်း၊ | ၅ | ရွာတောင်ပိုင်းလမ်း မကောင်း၍ မိုးကာလ သွားလာရေး ခက်ခဲခြင်း၊ |
| ၆ | ဆေးပေးခန်း မရှိ၍ ကျန်းမာရေး စောင့်ရှောက်မှု ရရှိရန် ခက်ခဲခြင်း၊ | ၆ | ရေထွက်ပေါက်များ မရှိ၍ လမ်းများ ပျက်စီးခြင်း၊ |
| ၇ | ကျေးရွာတွင် သုဿန် ဇေတဝန်ဇရပ် မရှိ၍ သဂြိုဟ်ရေး အတွက်ခက်ခဲခြင်း၊ | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မိုင်ခန့် မှန်သော လျှပ်စစ်ဓာတ်မီး၊ ဝိုင် လိုချင်ပါသည်။ | ၁ | စိုက်ပျိုးရေး စပါး မျိုးသန့် ရချင်ပါသည်။ |
| ၂ | မူကြိုကျောင်း လိုချင်ပါသည်။ | ၂ | မိုင်ခန့် မှန်သော လျှပ်စစ်ဓာတ်မီး ဝိုင် လိုချင်ပါသည်။ |
| ၃ | စာသင်ကျောင်းဆောင် လိုချင်ပါသည်။ | ၃ | ရွာဝင်ပိုက်လုံးပေါက် ဖြစ်နေ၍ ရေလျှံဝင်ရောက်၍ ပေါက်ကို ပြင်ဆင်စေချင်ပါသည်။ |
| ၄ | ဆေးပေးခန်း လိုချင်ပါသည်။ | ၄ | ကျန်းမာရေး စောင့်ရှောက်ဖို့ ဆေးခန်း ရရှိစေချင်ပါသည်။ |
| ၅ | စာကြည့်တိုက်လေး လိုချင်ပါသည်။ | ၅ | ကလေးများ ဗဟုသုတ တိုးပွားစေရန် စာကြည့်တိုက်ရှိစေချင်ပါသည်။ |
| ၆ | | ၆ | ရွာလမ်း ကျောက်ချောလမ်း ဖြစ်စေချင်ပါသည်။ |
| ၇ | | ၇ | ဝေဒနာရှင်များ အတွက် ခရီးသည် အမြန် ပါစေ၊ လိုချင်ပါသည်။ |

၈။ ရွာလမ်းများ ကောင်းစေချင်ပါသည်။

၉။ ကလေးများ အတွက် မူကြိုကျောင်း လိုချင်သည်။

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဘွန်ကေဂရစ်မီးဝိုင် | ကျား + မ | ၄,၆၅၉,၀၀၀ | ၂၈၁ ဦး |
| ၂ | ရွာတွင်း ချောင်းကျောက် (၅၀၀၀'x၁၅'x၄'') လမ်း | မ | ၅,၄၀၀,၀၀၀ | ၂၈၁ |
| ၃ | စာကြည့်တိုက် (၁၅'x၁၅') | ကျား + မ | ၄,၀၀၀,၀၀၀ | ၂၈၁ ဦး |
| ၄ | မူကြိုကျောင်း (၁၅'x၁၅') | ကျား + မ | ၄,၀၀၀,၀၀၀ | ၂၈၁ ဦး |
| ၅ | ရွာတွင်းကျောက်ချောလမ်း | မ | (၁၀၆၀)သိန်း | ၂၈၁ ဦး |
| ၆ | (၅၀၀၀'x ၁၅'x၆'') | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ရွာဦးစေတီ ၊ ဘုန်းတော်ကြီးကျောင်း | ကျား | |
| ၂ | စိုက်ပျိုးရေး ချေးငွေ | ကျား + မ | |
| ၃ | မွေးမြူရေး ချေးငွေ | ကျား + မ | |
| ၄ | အိမ်တွင်းလက်မှုပညာ သင်တန်းဖွင့် | မ | |
| ၅ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[signature]--- နေ့စွဲ ---၁၆-၆-၂၀၁၇---

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် ဝေါ်ဘြော : ဘဇနိုင် | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)□စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) |
| နေ့စွဲ ၂၀.၁၀.၁၇ | | |
| ~~ပြည်နယ်~~/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကိုးအင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှ ထည့်ဝင်မှု | ခန့်မှန်းကုန်ကျစရိတ်: ကျေးရွာမှ ထည့်ဝင်မှု | ခန့်မှန်းကုန်ကျစရိတ်: အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | ခန့်မှန်းကုန်ကျစရိတ်: အခြားထည့်ဝင်မှု (ဖေါ်ပြပါ) အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| လက်ပံတိုက် | ဘက်ရုံသုံးခန်းမ | ၁၈'x၃၀' | ၁၇၈ | ☑အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၅,၀၀၀,၀၀၀ | ၇၀၀,၀၀၀ | - | | ၅,၇၀၀,၀၀၀ |
| လူပျိုတော် (အထက်ရွာ) | ဘက်ရုံသုံးခန်းမ | ၁၈'x၃၀' | ၁၂၇ | □အမျိုးသား ☑အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၅,၀၀၀,၀၀၀ | ၇၀၀,၀၀၀ | - | | ၅,၇၀၀,၀၀၀ |
| ကညင်တော | ကွန်ကရစ်မီးတိုင် | ၂၂တိုင် | ၂၈၁ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၄,၆၅၀,၀၀၀ | ၅၀,၀၀၀ | - | | ၄,၇၀၀,၀၀၀ |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလုပ်ငန်း

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| တာကြီးတန်း | ကွန်ကရစ်မီးတိုင် + မီးကြိုးသွယ်တန်းခြင်း | ၁၅ တိုင် + ၈၀၀ မီတာ | ၂၈၉. | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၃,၈၀၀,၀၀၀ | ၂၀၀,၀၀၀ | - | ၄,၀၀၀,၀၀၀ |
| ကိုးအင်း | ကွန်ကရစ်မီးတိုင် | ၂၄ တိုင် | ၅၁၇ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၄,၀၀၀,၀၀၀ | ၁၁၀၀,၀၀၀ | - | ၅,၁၀၀,၀၀၀ |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ဦးသန်းနိုင်ဆိုး

လက်မှတ် [signature]

ရက်စွဲ ၂၀.၁၀.၂၀၁၅

**၁၃။ အစည်းအဝေးမှတ်တမ်း**

ကြံခင်းမြို့နယ်၊ ကိုးအင်းအုပ်စု၊ ကညင်တောကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

မကျီးစုကျေးရွာတွင်ပထမ/ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို(၁၉-၉-၂၀၁၇)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ် ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

*********************************************

## ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အအုံ | ၁ | ကွန်ကရစ်မီးတိုင် | ကျား<br>မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ရွာတွင်းချောင်းလမ်း | မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | စာကြည့်တိုက် | ကျား<br>မ | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၄။ | မူကြိုကျောင်း | ကျား<br>မ | ၂၀၂၁ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| အသက်မွေးဝမ်း ကြောင်း/ | ၅။ | စိုက်ပျိုးရေးချေးငွေ | ကျား ၊မ | ၂၀၂၂ | ကျေးရွာလူထု | စိုက်ပျိုးရေးဦးစီး |
| | ၆။ | မွေးမြူရေးချေးငွေ | ကျား-မ | ၂၀၂၃ | ကျေးရွာလူထု | ကျေးလက်ဦးစီး |
| | ၇။ | လက်မှုပညာသင်တန်း | မ | ၂၀၂၄ | ကျေးရွာလူထု | ကျေးလက်ဦးစီး |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် လူမှုရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၈။ | ရွာဦးစေတီ/ဘုန်းကြီးကျောင်း | ကျား | ၂၀၂၅ | ကျေးရွာလူထု | - |
| | | | | | | |
| | | | | | | |
| | | | | | | |